(၁၇)

ချစ်သူရေ . . .

လူဆိုတာ မလိုအပ်ဘဲနဲ့ ပိုတာ၊ ပိုရက်နဲ့ လိုနေတာ၊ ဖြစ်သင့်တာကို မဖြစ်တာ၊ မဖြစ်သင့်တာကို ဖြစ်ချင်နေတာတွေ၊ အဲဒီလို . . အဆင်း ဘီးတပ်ချင်တဲ့ စိတ်တွေကပဲ လူကို အန္တရာယ်ပြုစေတတ်တယ်တဲ့ . . . ။

လူဆိုတာ သူ့ခရီးနဲ့သူ၊ သူ့အသုံးအဆောင်နဲ့သူ၊ သူ့အလုပ်နဲ့သူ လိုအပ်တဲ့ ပစ္စည်းကို လိုအပ်သလို သုံးပြီး၊ ကိုယ်လိုတဲ့ ခရီးကို ဆက်ကြရတဲ့သူတွေချည်းမဟုတ်လား။ ချစ်သူရေ . . . အချို့က မသင့်မြတ်တဲ့ လူနဲ့ပေါင်းကြတယ်၊



ကိုယ်နဲ့ မဆက်စပ်တဲ့ အလုပ်ကိုလုပ်တယ်။ ကိုယ် မကျွမ်းတဲ့ အလုပ်ကိုရှာကြတယ်။

ရေကူးမကျွမ်းပါပဲ ရေထဲခုန်ပြီးပြတဲ့သူဟာ လူရူးလူ မိုက်ဖြစ်ပြီး၊ ကျွမ်းကျင်ပါတယ်ဆိုတဲ့ စကားကပဲ၊ အဲဒီ ကျွမ်းကျင်တဲ့ လူကို သက်သွားတာပါပဲ။ ဘာဖြစ်လို့လည်းဆိုရင် မကျွမ်းကျင်ပါပဲနဲ့ ကျွမ်းကျင်တယ်လို့ လိမ်ညာမိလို့ပါပဲတဲ့ . . . ။

ချစ်သူရေ . . . အဲသလို ကိုယ့်ကိုယ်ကိုညာပြီး၊ ကိုယ့်ကိုယ်ကို သတ်နေကြခြင်းဟာ လူသေသတ်၊ လူရှင်သတ်ပစ်တာက ပိုပြီးဆိုးရွားစေပါသတဲ့။

ချစ်သူပါ . . . ကိုယ့်အတိုင်းအတာအရ ကိုယ့်ကျွမ်းကျင်တဲ့အလုပ်ကို လုပ်ပြမယ်ဆိုရင်တော့၊ အဲဒီ ကိုယ်ကျွမ်းကျင်တဲ့ အလုပ်ကပဲ ကိုယ့်ကို အကျိုးပြုသွားမှာပါပဲ . . .

ချစ်သူရေ . . .

ကိုယ်နဲ့ အံကိုက်ဝယ်လာတဲ့ အင်္ကျီအတိုင်း၊ အင်္ကျီတစ်ထည်ချုပ်ဝတ်ပစ်ပါတဲ့ . . .

နားလည်ပါတယ် ချစ်သူ . . . နော် . . .